ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ (၂၀၂၀)ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အတွင်း ကျောင်းလာရောက်အပ်နှံခြင်းမရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် အောက်ဖော်ပြပါ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်သည် -

(က) **ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်**

(၁) (၂၀၂၀)ပြည့်နှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲ (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ အကျဉ်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊ ကျန်းမာရေးကောင်းမွန်ရမည်၊

(၂) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/ (ပြု)/ (ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်၊

(၃) တက္ကသိုလ်ခွဲဝေနေရာချထားရေးအဖွဲ့မှ တက်ရောက်ခွင့်ပြုမည့် တက္ကသိုလ်တွင်သာ တက်ရောက်ရမည်ဖြစ်ပြီး ၎င်းတက္ကသိုလ်တွင် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်၊

(၄) မူလတက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေး လုပ်ငန်းများဆောင်ရွက်စဉ်က လျှောက်ထားခဲ့ခြင်းမရှိသော လျှောက်လွှာများ၊ မူလတက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးဆောင်ရွက်နေသည့် (၂၀၂၁)ခုနှစ်၊ စက်တင်ဘာလကုန်အထိ လျှောက်ထားခြင်းမရှိဘဲ သတ်မှတ်ရက်ထက် နောက်ကျပြီးမှ လျှောက်ထားလာသော နောက်ကျလျှောက်လွှာများ၊ မည်သည့်တက္ကသိုလ်ကိုမှ ဝင်ခွင့်ရရှိထားခြင်းမရှိသူများအား လုံး၀(လုံး၀)လက်ခံစဉ်းစားမည် မဟုတ်ပါ။

CamScanner

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်-

(၁) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း (မူရင်း) (၁)စောင်၊

(၂) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ။

(၃) မူလဝင်ခွင့်ရတက္ကသိုလ်တွင် လက်ရှိတက်ရောက်ပညာသင်ကြားနေကြောင်း သို့မဟုတ် တက္ကသိုလ်တစ်ခုခုသို့ ဝင်ခွင့်ရရှိထားကြောင်း သက်ဆိုင်ရာ တက္ကသိုလ်၏ ထောက်ခံစာ(မူရင်း)။

(ဂ) ပူးတွဲပါ လျှောက်လွှာနမူနာပုံစံအတိုင်း A4 Size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန်ဖြစ်သည်၊

(ဃ) လျှောက်လွှာများကို ၂၂-၆-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်သည်၊

(င) လစ်လပ်သောနေရာများတွင် တက်ရောက်ခွင့်ရရှိစေရေးအတွက် ဖြေလျှော့၍ ဒုတိယအကြိမ် လျှောက်လွှာခေါ်ယူပေးခြင်းဖြစ်သဖြင့် လျှောက်လွှာပိတ်ရက် ၂၂-၆-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် အထောက်အထားမပြည့်စုံသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(စ) ရောက်ရှိလာသောလျှောက်လွှာများနှင့် အမှတ်စာရင်းများကို စိစစ်၍ လစ်လပ်နေရာပေါ်မူတည်ပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအားရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက်ရောက်ခွင့်ပြုမည်။

၂။ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၂၂၃၉ ၊ ၀၆၇-၃၄၁၁၁၄၈ နှင့် ၀၆၇-၃၄၁၁၁၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

CamScanner

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန

----------တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ

(၂၀၂၀-ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) ---------- ကျား ☐ မ ☐

(အင်္ဂလိပ်)

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ----------

၄။ လူမျိုး ---------- ကိုးကွယ်သည့်ဘာသာ ----------

၅။ ဖခင်အမည် ---------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------

အလုပ်အကိုင်----------

၆။ မိခင်အမည် ---------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------

အလုပ်အကိုင်----------

၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ်----------ခုံအမှတ်----------ရမှတ်ပေါင်း----------

အောင်မြင်သည့်စာစစ်ဌာန ----------ပြည်နယ်/တိုင်းဒေသကြီး----------

၈။ မူလဝင်ခွင့်ရရှိသည့်တက္ကသိုလ်----------

၉။ လျှောက်ထားလိုသည့်တက္ကသိုလ်အမျိုးအစား(၁)----------(၂)----------(၃)----------

(ဥပမာ-(၁)ဆေးတက္ကသိုလ် (၂)သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (၃)ဆေးဝါးတက္ကသိုလ်စသည်ဖြင့်)

မှတ်ချက်။ လျှောက်ထားလိုသော တက္ကသိုလ်အဖြစ်ဖော်ပြထားခြင်းမရှိသော တက္ကသိုလ်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အမြဲနေထိုင်သောလိပ်စာ ----------

၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်----------

၁၂။ ပြည့်စုံစွာဖော်ပြခြင်းမရှိသော လျှောက်လွှာများအတွက် လျှောက်ထားသူ၏ တာဝန်သာဖြစ်ပါသည်။

၁၃။ ဝန်ခံချက်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ----------

ဝင်ခွင့်လျှောက်ထားသူလက်မှတ်

CamScanner